သတင်းထုတ်ပြန်ချက်

၂၀၁၆ ခုနှစ် ဇူလိုင်လ ၂၆ ရက်

**နယ်စပ်အခြေစိုက်အရပ်ဘက်အဖွဲ့အစည်းများမှ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထံသို့ အိတ်ဖွင့်စာ ပေးပို့ခြင်း**

၂၀၁၆ ခုနှစ် ဇူလိုင်လ ၂၅ ရက် နေ့စွဲဖြင့် နယ်စပ်အခြေစိုက် အရပ်ဘက်အဖွဲ့အစည်း ၄၀ ဖွဲ့မှ ၎င်းတို့အား မူလနိုင်ငံသားများအဖြစ် ပြန်လည်အသိအမှတ်ပြုပြီး မြန်မာနိုင်ငံဖက်ဒရယ် ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် တိုင်းပြည်တည်ဆောက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ အိတ်ဖွင့်ပေးစာတစ်စောင် ပေးပို့တင်ပြခဲ့သည်။

လက်ရှိနိုင်ငံရေးအပြောင်းအလဲကာလတွင် နယ်စပ်အခြေစိုက် အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးဆိုင်ရာ ညှိနှိုင်းတိုင်ပင် ဆွေးနွေးပွဲတစ်ခုအား ၂၀၁၆ ခုနှစ် မေလ ၇ ရက်နေ့မှ မေလ ၉ ရက်နေ့အထိ ထိုင်း-မြန်မာနယ်စပ် တစ်နေရာတွင် နယ်စပ်အခြေစိုက်အရပ်ဘက်အဖွဲ့အစည်းပေါင်း ၃၃ ဖွဲ့မှ ကိုယ်စားလှယ်ပေါင်း ၅၉ ဦးဖြင့် ပြုလုပ်ခဲ့ကြပါသည်။ ၎င်းဆွေးနွေးပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အစိုးရလက်ထက်တွင် နယ်စပ်အခြေစိုက် အရပ်ဘက်အဖွဲ့အစည်းများကို အသွင်ကူးပြောင်းရေးကာလ တိုင်းပြည်ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်တွင် ပါဝင်ပူးပေါင်းဆောင်ရွက်ခွင့်ပြုရေး တင်ပြရန် ဆုံးဖြတ်ခဲ့ကြသည်။

"ကျွန်တော်တို့ နယ်စပ်အခြေစိုက် အရပ်ဘက်အဖွဲ့အစည်းတွေအနေနဲ့ အသွင်ကူးပြောင်းရေးကာလ တိုင်းပြည်ပြန်လည်ထူထောင်ရေးအတွက် ကျွန်တော်တို့ နှစ်ပေါင်းများစွာ လေ့လာဆည်းပူးလုပ်ဆောင်ခဲ့တဲ့ ကျွမ်းကျင်ရာ လုပ်ငန်းတွေအလိုက် ကျရာအခန်းကဏ္ဍတွေမှာ ပါဝင်ဖြည့်ဆည်းဆောင်ရွက်ဖို့ ဆန္ဒရှိပါတယ်။" ဟု မွန်ပြည် လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ အမှုဆောင်ဒါရိုက်တာ နိုင်ကဆုမွန် ကဆိုပါသည်။

"ကျနော်တို့တွေ နယ်စပ်မှာအခြေစိုက်ပြီး မြန်မာနိုင်ငံဒီမိုကရေစီနဲ့ ဖက်ဒရယ်ဖော်ဆောင်ရေး၊ နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေးလှုပ်ရှားမှု စတဲ့လုပ်ငန်းတွေကို ကုလသမဂ္ဂနဲ့ နိုင်ငံတကာ အဝန်းအဝိုင်းက ထောက်ခံအားပေးအောင် စည်းရုံးလှုံ့ဆော်ရေး၊ ပြီးတော့ နယ်စပ်ဒေသတွေမှာ ဒုက္ခရောက်နေတဲ့ ကိုယ့်တိုင်းပြည်က နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ရသူလူထုတွေ ဒုက္ခသည်လူထုတွေ ရွှေ့ပြောင်းအလုပ် သမားလူထုတွေရဲ့ ပညာရေး၊ ကျန်းမာရေးလိုအပ်ချက် ဖြည့်ဆည်းမှုနဲ့ စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းတွေ လုပ်ခဲ့ကြတယ်။ တိုင်းရင်းသားအင်အားစုတွေနဲ့ ဒီမိုကရေစီအင်အားစုတွေကြားမှာ ယုံကြည်မှုတည်ဆောက်တာ၊ တိုင်းပြည်ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေးအတွက် ညှိနှိုင်းတိုင်ပင်တာတွေလည်း စဉ်ဆက်မပြတ် ကြိုးပမ်းခဲ့ကြတယ်။" ဟု နိုင်ကဆုမွန်က ဆက်လက်ပြောကြားသည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ပဲ့ကိုင်ကော်မတီဝင် မသွယ်ဇင်တိုးမှလည်း "ကျမတို့ နယ်စပ်မှာ ပညာပေး လေ့ကျင့်တည်ဆောက်ထားမှုတွေနဲ့ အခုလိုတိုင်းပြည် အပြောင်းအလဲကာလ အမျိုးသားပြန်လည်သင့်မြတ်

ရေး၊ ငြိမ်းချမ်းရေးတည်ဆောက်ရေးနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းတွေမှာ ပိုမိုအားကောင်းအောင် ပိုင်းဝန်းအားဖြည့်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် အစိုးရအနေနဲ့ ကျမတို့ ကိုယ့်တိုင်းပြည်ကို လုံခြုံစိတ်ချစွာ ပြန်လာနိုင်ရေးနဲ့ မူလနိုင်ငံသားအခွင့်အရေးတွေ ပြန်လည်ရရှိစေရေးအတွက် စဉ်းစားပေးပြီး လမ်းညွှန်ချက်များ အမြန်ဆုံးချမှတ်ပေးစေလိုပါတယ်။ ပြီးတော့ အခုထိအမည်မည်းစာရင်းမှာ ပါနေသေးသူတွေစာရင်းကိုလည်း ထုတ်ပြန်ပေးစေလိုပါတယ်။ အခုလို လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် တိုင်းပြည်ကို ဦးဆောင်တဲ့အချိန်မှာ ကျမတို့အနေနဲ့ နိုင်ငံတည်ဆောက်ရေးမှာ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ဖို့ ဆန္ဒရှိကြပါတယ်။" ဟုပြောသည်။

ဒေါ်အောင်ဆန်းစုကြည် ထံ အိတ်ဖွင့်စာ ပေးပို့ခဲ့သော အရပ်ဘက်အဖွဲ့အစည်းများသည် နိုင်ငံရေးဖိနှိပ်မှုများကြောင့် မြန်မာနိုင်ငံနယ်နိမိတ်ကျော်၍ နယ်စပ်ဒေသများသို့ ရောက်ရှိလာသော မျိုးဆက်အသီးသီးမှ ဒီမိုကရေစီရေး တက်ကြွလှုပ်ရှားသူများ တိုင်းရင်းသားလူငယ် အမျိုးသမီးအင်အားစုများ ဖြစ်ကြပြီး ၁၉၉၅ ခုနှစ်ကျော်များမှစတင်၍ နယ်စပ်ဒေသအသီးသီးရှိ လွတ်မြောက်နယ်မြေများကို အခြေခံကာ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး၊ ဒီမိုကရေစီ၊ ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုဖော်ဆောင်ရေးတို့အတွက် တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်နေသောအဖွဲ့များဖြစ်ကြသည်။

**ဆက်သွယ်ရန်**

နိုင်ကဆုမွန် (+ ၆၆ (၀) ၈၁ ၃၆၅ ၉၁၄၀) နှင့် (+ ၉၅ (၀) ၉၂၅ ၅၈၀၀ ၀၃၃၆)

မသွယ်ဇင်တိုး (+ ၆၆ (၀) ၈၉ ၇၅၅ ၃၀၇၁)

စောအဲလက်စ် (+ ၆၆ (၀) ၉၉ ၇၄၀ ၇၄၄၃)